ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (17-6-2011)(၆၇၉၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ရတနာတန်းဝင် ကျွန်းပင်နှင့် သီးပင်စားပင် စုစုပေါင်းအပင် ၃၅၀၀ စိုက်ပျိုး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဆည်အမှတ်(၃၈)အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ သရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက သတ်မှတ်နေရာ၌ သရက်ပင်ကို လည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဝန်ကြီးရုံး ဆည်အမှတ်(၃၈)အတွင်းသို့ ငါးကြင်းရွှေဝါနှင့် ငါးမြစ်ချင်းများကို ငါးမျိုးစိုက်ထည့်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

အထူးအထွက်တိုး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို ပြောင်းလဲအသုံးပြုပြီး သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လိုက်နာကျင့်သုံး လယ်ယာလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကာ တစ်ဦးချင်းဝင်ငွေနှင့် နေထိုင်မှုဘဝ လက်တွေ့မြင့်မား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကယားပြည်နယ်မှ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စပါးနှင့် ကြံအထူးပြု တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း ရှစ်ကျောင်းမှ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများအား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေးစိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၃၀ စိုက်ကွင်း၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၆ နာရီတွင် ကယားပြည်နယ် စီမံ/စီးပွားဝန်ကြီးဌာန ဝန်ကြီး ဦးတော့ရယ် ခေါင်းဆောင်သော လေ့လာရေး ကိုယ်စားလှယ် အဖွဲ့ဝင် ၄၀၊ မှော်ဘီ စပါးအထူးပြု စိုက်ပျိုးရေး တက္ကသိုလ် ကျောင်း(ခွဲ)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၆၉ ဦး၊ ဖြူးမြို့နယ် ညောင်ပင်သာရှိ ကြံစက်မှုသီးနှံ အထူးပြုစိုက်ပျိုးရေး တက္ကသိုလ်ကျောင်း(ခွဲ)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း ရှစ်ကျောင်းမှ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၆၀ တို့အား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေးစိုက်ပျိုးရေးနှင့်မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၃၀ စိုက်ကွင်း၌ စံနမူနာပြစိုက်ပျိုးထားရှိသောစပါးခင်းများ၊ ရေဆင်းအထူးအထွက်တိုး နေကြာ-၁ စိုက်ခင်း၊ အထူးအထွက်တိုး ကြံစိုက်ခင်းများနှင့် လယ်ယာသုံး ကိရိယာများကို ကိုယ်တိုင်လိုက်လံ ရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးသည် လေ့လာရေးအဖွဲ့ဝင်များအား နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် စိုက်ပျိုးရေးပညာရှင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တောင်သူလယ်သမားများ အနေဖြင့် ဤစိုက်ကွင်းအတွင်း လေ့လာမှတ်သားရရှိသည့် အတွေ့အကြုံ ဗဟုသုတများကို လက်တွေ့အသုံးချကြရန် လိုကြောင်း၊ အထူးအထွက်တိုး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို ပြောင်းလဲအသုံးပြုပြီး သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လိုက်နာကျင့်သုံးကြခြင်းအားဖြင့် သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်းကို ချက်ချင်းလက်ငင်း လက်တွေ့အကျိုးရရှိနိုင်မည်ဖြစ်သည့်အပြင် လယ်ယာပိုင်ရှင်များ ဝင်ငွေတိုး၍ ပိုမိုချောင်လည်စေမည်ဖြစ်ကြောင်း၊ လယ်ပိုင်၊ ယာပိုင်မရှိသော (လယ်မဲ့ယာမဲ့) လယ်ယာလုပ်သားများ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

The Mirror
၁၇ - ၆ - ၂၀၁၁
(သောကြာနေ့)

ပြည်ပသွင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်

ယနေ့အချိန်အခါတွင် နိုင်ငံတိုင်းက မိမိတို့ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်လာကြသည်။ အမျိုးသားခုခံအင်အားတိုးပွားရေးနှင့် အမျိုးသားစီးပွားရေးဘဝတိုးတက်ခိုင်မာရေး အပြိုင်အဆိုင် ကြိုးပမ်းနေကြပြီ။ အရည်အသွေးကောင်း ကုန်ပစ္စည်းအများအပြား ထုတ်လုပ်၍ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနေကြပေပြီ။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ နိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှုသည် ကုန်သွယ်မှုတန်ဖိုး အဆနှစ်ဆယ်နီးပါး တိုးတက်လာခဲ့ပြီ။ ခေတ်အဆက်ဆက်တွင် မြန်မာ့စီးပွားရေးသည် ဆန်စပါးတစ်ခုတည်းအပေါ်တွင်သာ မှီခိုနေခဲ့ရသည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ ပို့ကုန်များ နှစ်စဉ် တိုးချဲ့တင်ပို့လာနိုင်ကြပြီဖြစ်သည်။

နိုင်ငံ၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုမှတစ်ဆင့် စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန် ကြိုးပမ်းသွားကြရပေမည်။ လက်ရှိတင်ပို့နေသည့် အခြေခံကုန်စည်များသာမက ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထူထောင်သွားကြရပေမည်။ ပြည်ပသွင်းကုန်ပစ္စည်းများ ထုတ်လုပ်၍ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး အားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံအတွင်း စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပေါ်ထွက်လာစေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို သင့်လျော်သည့်ဒေသများတွင် ထူထောင်ထားရှိနေပြီ။ စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်၍ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။ အချို့စက်မှုနယ်မြေများတွင် အကြီးစားမော်တော်ယာဉ် ထုတ်လုပ်သည့်စက်ရုံများ၊ လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ စက်နှင့် စက်ကိရိယာ ထုတ်လုပ်သည့်စက်ရုံများ အရှိန်ရစပြုနေပြီ။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နေကြသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။ ဈေးကွက်တွင် နိုင်ငံတကာ ထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အရည်အသွေး စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ အချို့ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ကုန်သွယ်မှုမြင့်တင်နိုင်မှုနှင့်အတူ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာမည်ဖြစ်သည်။ စက်ရုံတိုင်းက ဈေးကွက်ဝင် ဝယ်လိုအားရှိသည့် ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထူထောင်၍ အရည်အသွေးကောင်းပစ္စည်းများ ပိုမိုထုတ်လုပ် တင်ပို့လာနိုင်ရေး အစဉ်တစိုက် အားထုတ်ကြိုးပမ်း စွမ်းဆောင်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနော်ရထာလမ်း အပြင်တန်း ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၅ ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ရေမြောင်းတူးဖော်စဉ်။ (မြို့နယ်စည်ပင်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၃၀၂	၀. ၀၃၂၆၅
တရုတ် (ယွမ်)	၆. ၄၇၄၆၀	၀. ၁၅၄၄၅
အိန္ဒိယ (ရူပီး)	၄၄. ၉၁၀၀	၀. ၀၂၂၂၇
မလေးရှား (ရင်းဂစ်)	၃. ၀၄၇၀၀	၀. ၃၂၈၁၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၂၀၆	၀. ၈၀၅၁၁
ဂျပန် (ယန်း)	၈၀. ၈၇၁၈	၀. ၀၁၂၃၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၉. ၆၀	၀. ၀၀၀၉၂
ယူရို	၀. ၇၀၉၀၂	၁. ၄၁၀၄၁
ဗြိတိသျှ (ပေါင်)	၀. ၆၂၁၀၄	၁. ၆၁၀၂၀

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းအဆင့်တိုးမြှင့်ခြင်း အခမ်းအနားများ ပြည်ထောင်စုဝန်ကြီး တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇွန် ၁၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ် ခနောင်ထော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် စာရွက်စာတမ်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က အခြေခံပညာအလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၄၀၇ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းနှင့် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ **(ဝဲပုံ)** ကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ဆရာ၊ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၅၃၅ ဦးအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသည် အထက်တန်းကျောင်း(ခွဲ) အဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီး အလျားပေ ၁၃၀ နှင့် အနံပေ ၃၀ ရှိ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သစ်ကို ရွှေဟိန်းထက် ကျောက်မျက် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မျိုးသန့်၊ မျိုးပွား မျိုးစေ့များဖြင့် ပျိုးထောင်

သထုံ ဇွန် ၁၆

သထုံခရိုင် ပေါင်မြို့နယ် ဖြူဘကျေးရွာ ကွင်းအမှတ် (၇၇)ရှိ ခရိုင်ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တောင်သူပညာပေး ပေါင်ပျိုး ၁၀ ဧက စံပြစပါးစိုက်ခင်းတွင် မျိုးသန့်၊ မျိုးပွား မျိုးစေ့များဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို ဇွန် ၁၁ ရက်က အဆိုပါစံပြစိုက်ခင်းတွင် ဆောင်ရွက်ရာ မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်နှင့် ပြည်နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးနှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဝန်ကြီးနှင့် ပြည်နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များသည် လာရောက်ကြည့်ရှုလေ့လာကြသော တောင်သူလယ်သမားကြီးများနှင့်အတူ တစ်ဧက မိုးစပါး တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးဆောင်ရွက်နိုင်ရေးနည်းလမ်းများကို ရှင်းနိုးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည်။ **(ယာပုံ)** (မြို့နယ်ပြန်/ဆက်)

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေး၌ ဈေးမီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဟင်္သာတမြို့နယ် လယ်ယာကုန်ထုတ်အသင်းစု မျိုးစေ့ပေးအပ်ပွဲကျင်းပ

ဟင်္သာတ ဇွန် ၁၆

ဟင်္သာတမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီမှ စတင်၍ ရွှေပြည်တန်နှင့် ရတနာတိုးလယ်ယာကုန်ထုတ်အသင်းစုနှစ်စု ဖွဲ့စည်းခဲ့သည်။

အဆိုပါ ကုန်ထုတ်အသင်းစုများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်စပါးမျိုးပေးအပ်ပွဲကို မေ ၃၀ ရက်က အင်းဝဝယ်ကျေးရွာအုပ်စု စိုက်ပျိုးပညာပေးစခန်း၌ ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း (ဟင်္သာတ) ဥက္ကဋ္ဌ ဦးအောင်မျိုးသန့်တို့က မျိုးစပါးများ ပေးအပ်သည်။ ထို့နောက် မြို့နယ် မန်နေဂျာ ဦးဌေးလွင်က ပေါင်ပျိုးဖြင့် စနစ်တကျပျိုးထောင်နည်း သရုပ်ပြပွဲကို အသင်းဝင်တောင်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့သည်။ (၁၈၆)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မဟာဂီတချိုကြည်မြ
၄း၃၀ ၅။ ဇာတ်လမ်းတို
၄း၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ၈။ အိုင်စီတီသုတ
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၁၅)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၂၀)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ စိုက်ပျိုးသုတ
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၂၅)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

○ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးရုံးပရိဝုဏ်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သရက်ဥယျာဉ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

စိုက်ပျိုးပြီး

ထို့အတူ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်၌ ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်စားသုံးသီးနှံပင်များနှင့် အရိပ်ရလေကာပင်များ အပါအဝင် စုစုပေါင်း ၄၃၉ ပင်ကို လည်းကောင်း၊ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀၊ စိန်တလုံးသရက်ပင် ၅၀၀နှင့် ဆီသပြေပင် ၅၀၀ တို့ကို လည်းကောင်း စိုက်ပျိုးကြသည်။ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ယနေ့အထိ စုစုပေါင်း ရတနာတန်းဝင်ကျွန်းပင် ၂၀၀၀၊ စိန်တလုံးသရက်ပင် ၁၀၀၀ နှင့် ဆီသပြေပင် ၈၀၀ တို့ကို စိုက်ပျိုးပြီးဖြစ်သည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်သီးပင်စားပင်နှင့် အရိပ်ရလေကာပင် အပါအဝင် စုစုပေါင်းအပင် ၃၅၀၀ ကို စိုက်ပျိုးပေးကြပြီး ငါးသားပေါက်ကောင်ရေ ၆၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပစိုက်ပျိုးခဲ့ရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်အထိ သရက်ပင် ၃၄၀၀၊ ပျဉ်းကတိုး၊ အရိပ်ရ လေကာပင်နှင့် နှစ်ရှည်သီးပင်စားပင် ၂၆၅၀၀ စုစုပေါင်းအပင် ၂၉၉၀၀ ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင် အတွဲ(၃၈)၊ အမှတ်(၆)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အင်ဒိုနီးရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ နှစ်နိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono သည် ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ယခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နှစ်နိုင်ငံ ရေကြောင်း/လေကြောင်း အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် တရုတ်နှစ်နိုင်ငံအကြား ရေကြောင်း/ လေကြောင်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အမေရိကန် သီချင်းဆိုပြိုင်ပွဲတွင် ဒိုင်လူကြီးဆက်လုပ်ရန် မသေချာသည့် ဂျနီဖာလိုပက်ဇ်

အမေရိကန်အဆိုတော် ဟောလိဝုဒ်မင်းသမီး ဂျနီဖာလိုပက်ဇ်**(ယာပုံ)**သည် အမေရိကန်သီချင်းဆိုပြိုင်ပွဲ American Idol အစီအစဉ်တွင် လာမည့်ရာသီ၌ အကဲဖြတ်ဒိုင်လူကြီးအဖြစ် ဆက်လက်လုပ်ဆောင်ရန် မသေချာကြောင်း ဇွန် ၁၆ ရက် သတင်းများတွင် ဖော်ပြသည်။

လိုပက်ဇ်သည် ယင်းအစီအစဉ်၌ တစ်နှစ် အကဲဖြတ်ဒိုင်လူကြီးလုပ်ရန် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းကာလအတွင်း ပျော်ရွှင်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားသည်။

"ပြသနာကတော့ အချိန်ပါပဲ။ ကျွန်မလည်း ဘာလုပ်ရမှန်းမသိပါဘူး။ ဆုံးဖြတ်ချက်ချဖို့လည်း ဖိအားမပေးခဲ့ပါဘူး။ ကျွန်မ ဒီအစီအစဉ်မှာ ဒိုင်လူကြီးလုပ်ရတာ ပျော်ပါတယ်။ ရိုးရိုးသားသားပြောရရင် ဒီအစီအစဉ်နှင့် ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လေးစားပါတယ်" ဟု တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် လိုပက်ဇ်က ပြောကြားသွားသည်။

"ဒီအစီအစဉ်မှာ ဒိုင်လူကြီးလုပ်စဉ်ကာလအတွင်း ပျော်စရာကောင်းတဲ့ အချိန်တွေကို ဖြတ်သန်းခဲ့ရသလို ဒီအစီအစဉ်ကို နှစ်သက်သဘောကျပါတယ်။ ဒါပေမယ့်လည်း ကျွန်မမှာ တခြားလုပ်စရာ အလုပ်တွေ အများကြီးရှိပါသေးတယ်။ နောက်နှစ်အတွက် ဘာတွေလုပ်ရမလဲဆိုတာ ဆုံးဖြတ်ချက်ချရတော့မှာပါ။

လောလောဆယ်တော့ ဘာလုပ်မလဲဆိုတာ မစဉ်းစားရသေးပါဘူး" ဟု လိုပက်ဇ်က ဆက်လက်ပြောကြားသည်။

ဂျနီဖာလိုပက်ဇ်နှင့် အဆိုတော် စတီဗင်တေလာတို့သည် အမေရိကန်သီချင်းဆိုပြိုင်ပွဲ American Idol အစီအစဉ် ယခုနှစ် (၁၀)ကြိမ်မြောက် ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးအသစ်များအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အင်တာနက်။

အောဝမ်းစိုး

အချစ်၏အဓိပ္ပာယ်ကို နက်ရှိုင်းစွာဖော်ကျူးထားသည့် Rest On Your Shoulder ဇာတ်ကား

အချစ်၊ စွန့်လွှတ်အနစ်နာခံမှုနှင့် သဘာဝ ပတ်ဝန်းကျင်အကြောင်းကို အဓိကထား ရိုက်ကူးထားသည့် Rest On Your Shoulder ဇာတ်ကား**(ယာပုံ)**သည် စိတ်ကူးယဉ် အချစ်ဇာတ်ကားတစ်ကားဖြစ်ကြောင်း၊ ယင်းဇာတ်ကားသည် အချစ်အတွက် စွန့်လွှတ်အနစ်နာခံမှုအကြောင်း ရိုက်ကူးထားခြင်းဖြစ်သော်လည်း အဓိကပေးချင်သည့်အချက်မှာ အချစ်၏ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်အဖြစ် အချစ်သည် ကျွန်ုပ်တို့ကမ္ဘာကြီးအတွက်၊ အချစ်သည် သင်နှင့် ပတ်ဝန်းကျင်မှာရှိသည့် အရာအားလုံးအတွက်ဖြစ်ကြောင်း ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ တရုတ်မင်းသမီး ကျန်ယိယန်က ကျင်းပလျက်ရှိသော ရှန်ဟိုင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဇွန် ၁၅ ရက်က ပြောကြားသည်။

ဤဇာတ်ကားသည် ဇွန် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာမည့် ရှန်ဟိုင်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ ရွှေကလပ်ဆုရရှိရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိသည်။ ယင်းဇာတ်ကားတွင် မင်းသမီး ကျန်ယိယန်က လူ့ဘဝကို စွန့်လွှတ်ကာ လိပ်ပြာတစ်ကောင်အဖြစ် အသွင်ပြောင်းပြီး သူနှင့် စေ့စပ်ထားသည့် အမျိုးသားကို ကယ်တင်ရန်ကြိုးစားသည့် အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

ဤဇာတ်ကားတွင် အခြားအဓိကဇာတ်ကောင် မင်းသမီးနှစ်ဦးဖြစ်သည့် ဂျီဂျီလျှောင်နှင့် ကေဝေလန်မီတို့အတွက်လည်း သရုပ်ဆောင်ရာတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပြီး ကေဝေက လက်ထောက်ဇီဝဗေဒပညာရှင်၊ ဂျီဂျီလျှောင်က ဂျာနယ်လစ်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသလို မင်းသားချန်ကွန်က ဇီဝဗေဒပညာရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

ဤဇာတ်ကား၏ ဇာတ်အိမ်ကို ကျွန်းတစ်ကျွန်းပေါ်တွင် အခြေတည်ရိုက်ကူးထားပြီး ပိုးမွှားများနှင့် စကားပြောရသည့် ဇာတ်ဝင်ခန်းများလည်း ပါဝင်သည်။ ယင်းဇာတ်ကားကို ဖန်တီးခဲ့သူ ဒါရိုက်တာ ဂျက်ကော့ချောင်က ဤဇာတ်ကားတွင် ကွန်ပျူတာနည်းပညာတစ်ဝက်ကျော်ကျော် အသုံးပြုရိုက်ကူးထားသည်ဟုဆိုသည်။ ***အင်တာနက်။***

အမေရိကန်ပြည်ထောင်စု၏ ရေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေး ရေဒါစနစ်တစ်ရပ် ကို သယ်ဆောင်နေရာချထားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်မှ ချက်နိုင်ငံ နုတ်ထွက်မည်

ပရာဟာ ဇွန် ၁၆

ပါဝင်သည့် အခန်းကဏ္ဍသေးသိမ်သောကြောင့် အမေရိကန်ပြည်ထောင်စု၏ ဥရောပဒုံးပျံကာကွယ်ရေး အစီအစဉ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ချက်ပြည်သူ့သမ္မတနိုင်ငံ က ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံက ပစ်ခတ်လာဖွယ်ရှိသည့် ဒုံးကျည်များကို ကာကွယ်ရန်အလို့ငှာ ပိုလန်နိုင်ငံ၌ ဒုံးခွင်းဒုံး ၁၀စင်းနှင့် ချက်နိုင်ငံ၌ အဆင့်မြင့်နည်းပညာသုံး ရေဒါစနစ်တစ်ရပ်ကိုချထားရန် အမေရိကန်သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ်အစိုးရက ကနဦးအဆိုပြုခဲ့ဖူးသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရုရှားနိုင်ငံက အပြင်းအထန်ကန့်ကွက်ခဲ့ပြီး ယင်းဒုံးကျည်ကာကွယ်ရေးစနစ်ကို တည်ဆောက်မည်ဆိုပါက ၎င်း၏ဒုံးကျည်များကို ပိုလန်နိုင်ငံအနီး၌ပင် အခြေစိုက်ချထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတ ဘာရက်အိုဘားမားလက်ထက် ၂၀၀၉ ခုနှစ် စက်တင်ဘာလ၌ အမေရိကန်အစိုးရသည် ချက်သမ္မတနိုင်ငံ၌ ချထားမည့် ရေဒါစနစ်ကို ဘေးချိတ်ခဲ့ပြီး ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်၌ ချက်နိုင်ငံ၏ ပါဝင်မှုအခန်းကဏ္ဍကို သေးသိမ်စေမည့်အဆိုပြုချက်တစ်ရပ်ကို ကမ်းလှမ်းခဲ့သည်ဟုဆိုသည်။

ချက်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ ဥရောပဒုံးပျံကာကွယ်ရေးစနစ်၌ ပါဝင်လိုသော်ငြားလည်း မထင်မရှားအခန်းကဏ္ဍ၌ ပါဝင်လိုခြင်းမရှိကြောင်း ချက်ကာကွယ်ရေးဝန်ကြီး အလက်ဇန်းဒါး ဗွန်ဒရာက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ၌ ဖမ်းဆီးရမိသော ဝေလငါးများ ရေဒီယိုသတ္တိကြွမှုရှိနေ

တိုကျို ဇွန် ၁၆

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းရှိ ကူရှိုရိုမြို့၏ ကမ်းလွန်ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော မင်ကီဝေလငါးနှစ်ကောင်၌ ရေဒီယိုသတ္တိကြွ ဆီးဇီယံဒြပ်စင်ကို ရှာဖွေတွေ့ရှိရကြောင်း ကျိုဒိုသတင်းဌာနက ဇွန် ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

စမ်းသပ်စစ်ဆေး

ကူရှိုရိုမြို့ကမ်းလွန်၌ သုတေသနပြုလုပ်နိုင်ရန် ရည်ရွယ်လျက် ဝေလငါး ၁၇ ကောင်ကို ဖမ်းဆီးခဲ့ပြီး ယင်းဝေလငါးများအနက် ခြောက်ကောင်ကို စမ်းသပ်စစ်ဆေးခဲ့သည်။ ကူရှိုရိုမြို့သည် မြေငလျင်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမား နျူကလီးယားစက်ရုံ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၅၀ အကွာတွင် တည်ရှိသည်။

ဝေလငါးနှစ်ကောင်၏ ကိုယ်ခန္ဓာအတွင်း ရေဒီယိုသတ္တိကြွ ဓာတုဗေဒဒြပ်စင် ဆီးဇီယံ (Caesium)ကို တွေ့ရှိရကြောင်း သုတေသီများက ပြောကြားကြသည်။

ဖော်ညွှန်းနေ

ဝေလငါးများအတွင်း ရေဒီယိုသတ္တိကြွမှု ဓာတုဗေဒဒြပ်စင်မှာ ဘေးဥပဒ်ပေးနိုင်သောအဆင့်တွင် မရှိသော်လည်း ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ပေါ်ထွက်လာသောဓာတ်ရောင်ခြည်ဘေးအန္တရာယ်မှာ ယခု အချိန်အထိ ပြီးဆုံးမှုမရှိသည်ကို ဖော်ညွှန်းနေသည်ဆို၏။

ဂျပန်နိုင်ငံတွင် မတ် ၁၁ ရက်က မြေငလျင်လှုပ်ပြီးနောက် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခဲ့ရသည်။

ပိတ်ပင်ခဲ့

ဂျပန်နိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် ဝေလငါးများကို စီးပွားဖြစ် ဖမ်းဆီးခြင်းမပြုလုပ်ရန် ပိတ်ပင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အာဏာသက်ဝင်ခဲ့သော နိုင်ငံတကာ ဝေလငါး ဖမ်းဆီးမှုပိတ်ပင်ရေး သဘောတူညီချက်အရ ယင်းသို့ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဂျပန်နိုင်ငံသည် သိပ္ပံသုတေသနပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝေလငါးဖမ်းဆီးမှုကို ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ ***အင်တာနက်။***

ဘင်္ဂလားဒေ့ရှ်၌ နေရောင်ခြည်စွမ်းအင်သုံးစွဲသော အိမ်ထောင်စုတစ်သန်းကျော်ရှိ

ဒါကာ ဇွန် ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြောင့် နေရောင်ခြည်စွမ်းအင်ကို အစားထိုးအသုံးပြုလာကြသော အိမ်ထောင်စုပေါင်းတစ်သန်းကျော်ခဲ့ပြီဖြစ်ရာ ကမ္ဘာပေါ်၌ အလျင်မြန်ဆုံး၊ အကျယ်ပြန့်ဆုံးပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုအဖြစ် မှတ်ယူနိုင်ကြောင်း တာဝန်ရှိသူများက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

၂၀၀၂ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နေရောင်ခြည်စွမ်းအင်ကို လျှပ်စစ်ဓာတ်အား အစားထိုးစွမ်းအင်အဖြစ် သုံးစွဲသော အိမ်ထောင်စုပေါင်း ၇၀၀၀ မျှသာရှိခဲ့သော်လည်း ယခုအခါ တစ်သန်းကျော်ခဲ့ပြီဖြစ်ကြောင်း အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးကုမ္ပဏီ (အိုင်ဒီစီအိုအယ်လ်) တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၁၄ ခုနှစ်၌ နေရောင်ခြည်စွမ်းအင်ကို လျှပ်စစ်ဓာတ်အားအစားထိုးစွမ်းအင်အဖြစ်သုံးစွဲမည့် အိမ်ထောင်စုပေါင်း ၂ ဒသမ ၅ သန်းကျော်ရှိလာစေရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်ကျေးလက်အိမ်ထောင်စုများသည် ပရဟိတအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကုန်ကျစရိတ်သက်သာသော နေရောင်ခြည်စွမ်းအင်ကို ပိုမိုလက်ခံသုံးစွဲလာကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူဦးရေသန်း ၁၅၀မျှရှိပြီး ယင်းလူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ရရှိခြင်းမရှိပေ။ ယင်းအတွက်ကြောင့် အများစုမှာ အလင်းရောင်ရရှိရေးအတွက် ကုန်ကျစရိတ်ကြီးမြင့်သော ကရိုဆိန်းလောင်စာများကို မှီခိုကြရသည်။

ဈေးနှုန်းချိုသာ၍ လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်စွမ်းရှိသော နေရောင်ခြည်စွမ်းအင်ပြားများသည် ဘင်္ဂလားဒေ့ရှ်ကျေးလက်ဒေသများ၏ မျက်နှာစာကို ပြောင်းလဲပေးနိုင်ခဲ့ကြောင်း ပြီးခဲ့သည့်လတွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြသည်။ ***အင်တာနက်။***

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၏ အဓိက အရင်းအမြစ်ဖြစ်သော နေရောင်ခြည်မှ အိမ်သုံးလျှပ်စစ်ထုတ်ယူရန် ဘင်္ဂလားဒေ့ရှ်ကျေးရွာတစ်ရွာမှ ရွာသားတစ်ဦး နေအိမ်ခေါင်မိုးအထက်၌ ဆိုလာပြားတပ်ဆင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စစ်လေယာဉ်များ ရောင်းချပေးရေး အိန္ဒိယနှင့် အမေရိကန် သဘောတူ

နယူးဒေလီ ဇွန် ၁၆

အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့သည် စစ်လေယာဉ်များ ရောင်းချပေးရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း၊ ယင်းသဘောတူညီချက်အရ အမေရိကန်လုပ် စီ-၁၇ ဂလုပ်မာစတာ-၃ ကုန်တင်စစ်လေယာဉ်ကြီး ၁၀စင်းခန့်ကို အိန္ဒိယနိုင်ငံသို့ လေးနှစ်အတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း အိန္ဒိယစံတော်ချိန်အမည်ရှိ သတင်းစာက ဇွန် ၁၆ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယနှင့် အမေရိကန်တို့ရရှိသော သဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံဖိုးရှိ စစ်ဘက်ဆိုင်ရာ လေယာဉ်များကို လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်သည်။

အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံစစ်လက်နက်ပစ္စည်းရောင်းဝယ်ရေးသမိုင်းတွင် ကန်ထရိုက်လုပ်ငန်း တန်ဖိုးအကြီးဆုံး သဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်သည်။

စီ-၁၇ ဂလုပ်မာစတာအမျိုးအစား စစ်လေယာဉ်များကို ထုတ်လုပ်ပေးမည့် ဘိုးအင်းကုမ္ပဏီသည် အိန္ဒိယနိုင်ငံရှိ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၌ လေကြောင်းပျံသန်းမှုစမ်းသပ်ရေးဌာနနှင့် အင်ဂျင်စမ်းသပ်ရေးဌာနတို့ကိုလည်း ဖွင့်လှစ် ပေးမည်ဖြစ်သည်။

အမေရိကန်လုပ်စစ်လေယာဉ်များ ဝယ်ယူရေးကိစ္စနှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးအဖွဲ့အောက်ရှိ လုံခြုံရေးကော်မတီက ယခုလအစောပိုင်းတွင် ခွင့်ပြုပေးခဲ့သည်။ ***ဆင်ဟွာ။***

စစ်ဘက်ဆိုင်ရာယာဉ်များကို တင်ဆောင်နိုင်သော စီ-၁၇ ဂလုပ်မာစတာ-၃ အမျိုးအစား ကုန်တင်စစ်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုမူးယစ်ဂိုဏ်း၏ လက်နက်များ အမေရိကန်နှင့် ဆက်နွှယ်နေ

ဝါရှင်တန် ဇွန် ၁၆

မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်းသားများ အသုံးပြုနေသော သေနတ်များသည် အမေရိကန်နိုင်ငံနှင့် ဆက်နွှယ်မှုရှိနေသဖြင့် လက်နက်ငယ်ထိန်းချုပ်ရေးဥပဒေများကို ပိုမိုတင်းကျပ်သွားရန် အမေရိကန်ဥပဒေပြု အမတ်များက တောင်းဆိုလျက်ရှိကြကြောင်း အမေရိကန် သတင်းဌာနများက ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မက္ကဆီကိုလက်နက်ကုန်သည်ကြီးများထံသို့ ရောင်းချပေးခဲ့သော သေနတ်အများစုသည် အမေရိကန်နိုင်ငံ၌ ဆက်နွှယ်မှုရှိနေသည်ကို လေ့လာတွေ့ရှိရကြောင်း အမေရိကန်အမတ်များက ပြောကြားကြသည်။

၂၀၀၉ခုနှစ်နှင့် ၂၀၁၀ခုနှစ်ကာလများအတွင်း မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသော သတ်ဖြတ်မှုပေါင်း ၃၅၀၀၀ခန့်အနက် ၇၀ရာခိုင်နှုန်းခန့်မှာ အမေရိကန်လုပ်သေနတ်များဖြစ်သည်ကို မှုခင်းဖြစ်ပွားရာ နေရာများမှ သိရှိရသည်။

အမေရိကန်နိုင်ငံသားအချို့သည် လက်နက်ငယ်ထိန်းချုပ်ရေးဆိုင်ရာဥပဒေများကို ချိုးဖောက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်မှ အထက်လွှတ်တော်အမတ် ဂရက်စလီက ပြောကြားသည်။

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ဒေသကို ဖြတ်သန်းလျက် မူးယစ်ဆေးဝါးနှင့် သေနတ်များမှောင်ခိုထုတ်မှုကို လေ့လာစောင့်ကြည့်သည့် အစီအစဉ်တစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် အမတ်များ ဆွေးနွေးငြင်းခုံခဲ့ကြသည်။ အမေရိကန်အရက်၊ ဆေးရွက်ကြီးနှင့် လက်နက်ငယ်ဆိုင်ရာ ဥပဒေထိန်းသိမ်းရေးဌာနက အဆိုပါအစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

မက္ကဆီကိုနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ကာ မူးယစ်ဆေးဝါးနှင့် လက်နက်များဝင်ရောက်နေမှုကို လေ့လာဖော်ထုတ်နေသော အဆိုပါဌာနမှ စုံထောက်တစ်ဦးသည် မကြာသေးမီက လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ယင်းသို့ လုပ်ကြံသတ်ဖြတ်မှုတွင် အမေရိကန်လုပ်သေနတ်ကို အသုံးပြုခဲ့သည်။ ***အင်တာနက်။***

မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီအား ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာကာဇီအမ်ခါလီလူးလား၏နေရာတွင် မစ္စတာအမ်ဂျက်မာဂျစ်အဘာစီအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီလိုက်ပြီး ဖြစ်သည်။

မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် ၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး နိုင်ငံရေးသိပ္ပံနှင့် သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ သူသည် ၁၉၈၁ ခုနှစ်တွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ တူနစ်စ်မြို့၌လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဒူဘိုင်းမြို့၌လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဘန်ဒါဆရီဘီဂါဝမ်မြို့၌လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဒူရှန်ဘီမြို့၌လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အန်ကာရာမြို့၌လည်းကောင်း ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် သံတမန်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲအဖြစ် ၂၀၀၇ မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာမာကီးယန်းချူချက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ခင်မင်ရင်းနှီးစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မာကီးယန်းချူချက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် ယူကရိန်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation မှ CEO & Chairman Mr. Dong Hee Lee နှင့်အဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation မှ CEO & Chairman Mr. Dong Hee Lee နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

ကိုရီးယားသမ္မတနိုင်ငံသို့ Employment Permit System အရ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော လုပ်သားလောင်းများအတွက် ကိုရီးယားသမ္မတနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအဖွဲ့အစည်း (HRD-Korea)က လာရောက်စစ်ဆေးသော ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ကို အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျင်းပရာ**(အောက်ပုံ)** လုပ်သားလောင်း ၄၅၂၃ ဦး လာရောက်ဖြေဆိုခဲ့ကြသည်။

စာမေးပွဲအောင်စာရင်းကို အမှတ်(၈/၁) နဂါးရုံဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၌ ဇွန် ၃၀ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့ မသန်စွမ်းသူများစုံညီတွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအခမ်းအနားတွင် မသန်စွမ်းသူများအတွက် ရာသက်ပန်ပညာသင်ဆုများ ထောက်ပံ့ခြင်း၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်း အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ရာ ရုံးချုပ် အမှတ်(၇၉၇) အခန်း(၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း(ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၁၅၉၃၉၊ ၀၁-၂၂၉၀၈၇၊ ၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လူမှုဖူလုံရေး အလုပ်သမားမှတ်ပုံတင်ရေး အသိပညာပေးခြင်း အခမ်းအနားကို ဇွန် ၁၂ ရက်က သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ကျော်ထွန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောစဉ်။

(၅၀၆)

ကွန်ပျူတာ အထူးဈေးရောင်းပွဲ ပြုလုပ်မည်

ရန်ကုန် ဇွန် ၁၆

ကွန်ပျူတာနှင့် ဆက်စက်ပစ္စည်းများ အထူးဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်စေရန် KMD Sales & Service မှ အထူးဈေးရောင်းပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အရောင်းဆိုင်တိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထိုအထူးဈေးရောင်းပွဲတွင် ကွန်ပျူတာနှင့် ဆက်စက်ပစ္စည်းများကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

မိသားစုတိုင်းနှင့် စီးပွားရေးလုပ်ငန်းတိုင်းတွင် ကွန်ပျူတာအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်သည့်အပြင် Apple Product အမျိုးအပြားကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်သည်။ နုတ်ဘုတ် ဝယ်ယူသူများအတွက် လက်ဆောင်ပေးအပ်သွားမည့်အပြင် KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို ရာခိုင်နှုန်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဒီပလိုမာသင်တန်း (IDCS)အတွက်လည်း သင်တန်းကြေးလျှော့၍ လက်ခံပေးသွားမည်ဖြစ်ရာ KMD Sales & Service Centre ဖုန်း (ရန်ကုန်)၅၀၃၅၂၂၊ ၃၈၅၁၇၇၊ ၅၀၂၂၄၄ နှင့် (မန္တလေး) ၀၂-၆၀၃၆၀၊ ၆၀၂၃၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကုန်းသာတောင်မန်း လမ်းပေါ်ရှိ ရေလဲရိုး ရေကျော်တည်ဆောက်ပြီးစီးမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့

စန်းလွင်

နှစ်စဉ် ဇွန်လ ၁၇ ရက်နေ့သည် ကမ္ဘာ့သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေးနေ့ World Day to Combat Desertification ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာလူ့အဖွဲ့အစည်းအပေါ် သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ်တိုးမြင့်လာမှု၊ မြေဆီလွှာယိုယွင်းမှုနှင့် မိုးခေါင်မှုစသည်တို့ကို လူထုနှင့် အစိုးရတို့ ဂရုပြုအာရုံစိုက်စေမည့်နေ့အဖြစ် ဖော်ညွှန်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်သည် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်ဖြစ်၍ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့ကိုလည်း ကမ္ဘာ့ပူပြင်းခြောက်သွေ့သည့်ဒေသရှိ သစ်တောများကို ဖော်ညွှန်းသည့်အနေဖြင့် ဆောင်ပုဒ်ကို "Forests keep drylands Working " ဟု သတ်မှတ်ထားသည်။

သဲကန္တာရဖြစ်ထွန်းမှုကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် အဓိကစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြစ်စေသည်ဟု သိရှိခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ ၁၉၇၇ ခုနှစ်က ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှုဆိုင်ရာ ဆွေးနွေးပွဲတွင် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆောင်ရွက်ရန်စီမံချက်ကို အတည်ပြုခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုးဒီဂျနီးရိုးမြို့၌ ကျင်းပသည့် ကုလသမဂ္ဂပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲတွင် သဲကန္တာရဖြစ်ထွန်းမှုကို ဖြေရှင်းရန်အတွက် အလေးပေးစဉ်းစားခဲ့ကြသည်။ ဒေသခံလူထုအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြင့်စေသည့် ဘက်စုံချဉ်းကပ်မှုတစ်ခုပြုလုပ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုခဲ့သည်။ ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၁၉၉၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ အတည်ပြုခဲ့ပြီး ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် တရားဝင်ပြဋ္ဌာန်းခဲ့သည်။ ယခုအခါ ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင် ၁၉၄ နိုင်ငံရှိလာပြီဖြစ်သည်။

သဲကန္တာရဖြစ်ထွန်းမှုသည် အဓိကအားဖြင့် ရာသီဥတုနှင့် သဘာဝဆိုင်ရာအကြောင်းများကြောင့် ဖြစ်ရသည်။ သီးနှံများအလွန်အကျွံရိတ်သိမ်းခြင်း၊ အလွန်အကျွံစားကျက်ချခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ညံ့ဖျင်းသည့်ဆည်မြောင်းစနစ်၊ ဆင်းရဲမွဲတေမှု၊ နိုင်ငံရေးမတည်ငြိမ်မှု စသည်တို့ ပါဝင်သည်။

သဲကန္တာရဖြစ်ထွန်းမှု၊ မြေအတန်းအစားနိမ့်ကျမှုနှင့် မိုးခေါင်မှုတို့သည် အသက်မွေးဝမ်းကျောင်းမှုများကို လျော့ပါးပျက်ပြုန်းစေခြင်းဖြင့် လူသားတို့လုံခြုံမှုအတွက် ခြိမ်းခြောက်နေသည်။ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ရေရရှိမှုနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းလုပ်ဆောင်မှုတို့ကို ယုတ်လျော့စေရုံမျှမက နေရင်းဒေသများကိုပင် ပျက်စီးစေသည်။ အဆိုးဆုံးမှာ လူထုအား နေရင်းဒေသများမှ စွန့်ခွာသွားစေမှု သို့မဟုတ် သယံဇာတများ ကာလကြာရှည်မရှိ၍ မရပ်တည်နိုင်မှုတို့ကြောင့် အမျိုးသားဆိုင်ရာနှင့် ဒေသဆိုင်ရာလုံခြုံမှုကို ပျက်ပြားစေခြင်းပင်ဖြစ်သည်။

ယေဘုယျအားဖြင့် သဲကန္တာရဖြစ်ထွန်းမှုဟု သိထားကြသည့် ပူပြင်းခြောက်သွေ့သည့်မြေများတွင် မြေအတန်းအစားနိမ့်ကျခြင်းမှာ ပေါက်ရောက်ပင်များကို အပြောင်ရှင်းလင်းခြင်းမှ စတင်သည်။ ပူပြင်းခြောက်သွေ့သည့်မြေများကို ကုစားပေးခြင်းနှင့် သဲကန္တာရဖြစ်ထွန်းခြင်းနှင့် မိုးခေါင်ခြင်းတို့မှ ကာကွယ်ပေးသည့် တောခြောက်များသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထိန်းညှိနိုင်ခြင်းမှာ အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးအကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ယနေ့ကမ္ဘာမြေပြင်ဧရိယာ၏ ၁၈ ရာခိုင်နှုန်းသည် တောခြောက်များဖြစ်သည်။ ကုလသမဂ္ဂသည် ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်ဟု သတ်မှတ်ထားပြီး လူထုအတွက် သစ်တောများ၏ အလုပ်အကျွေးပြုမှုကို ဖော်ကျူးထားသည်။ သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်သူများက သစ်တောများသည် ဒေသခံလူထုအတွက် ဘက်စုံအခန်းကဏ္ဍမှ အထောက်အကူပြုနေကြောင်း သဘောတူကြသည်။ သစ်တောများက လူထုနှင့်အိမ်မွေးတိရစ္ဆာန်များအတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ရရှိစေသည်။ အဆိုပါသစ်တောများသည် ဒေသခံလူထုသန်း ၂၀၀၀ ခိုလှုံရန် သဘာဝကခွင့်ပြုထားသည့် နေရာတစ်ခု ဘဝတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သဲကန္တာရဖြစ်ထွန်းမှု မရှိသေးသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် သဲကန္တာရဆန်သည့် မြေဖွဲ့စည်းမှုများရှိနေသည်။ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ပန်းတောင်းခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်၊ သရက်ခရိုင်တို့ရှိ မြို့နယ် ၅၄ မြို့နယ်မှ တောခြောက်ဧရိယာဧကေ ၂၀ ဒသမ ၁၈ သန်းကို အပူပိုင်းဒေသဟု ယေဘုယျသတ်မှတ်ထားသည်။ ပျမ်းမျှနှစ်စဉ်မိုးရေချိန် ၄၀ လက်မအောက်နှင့် ပျမ်းမျှနှစ်စဉ် အပူချိန် ၂၇°C ခန့်ရှိသည်။ ၁ စတုရန်းမိုင်တွင် လူဦးရေ ၄၅၀ နေထိုင်သည်။ ပျမ်းမျှလူဦးရေတိုးတက်မှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိသည်။ မြေဆီလွှာ ပြုန်းတီးမှုမြင့်မားပြီး သဲဆန်သည့်မြေဖြစ်သည်။

၁၉၅၃-၅၄ မှ ၁၉၆၂-၆၃ ကာလအတွင်း မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းက မိတ္ထီလာသစ်တောနယ် (အထူးသဖြင့် ပုပ္ပားတောင်) စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောများတည်ထောင်ခဲ့သည်။ ၁၉၆၃-၆၄ မှ ၁၉၈၁-၈၂ အထိ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အပူပိုင်းဒေသသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဆောင်ရွက်ခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၉၄-၉၅ မှ ၁၉၉၆-၉၇ ခုနှစ်အထိ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ သစ်တော စိုက်ခင်းဧကေ ၅၀၀၀၀ ကျော်နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ဧကေ ၂၇၅၀ ကို တည်ထောင်ခဲ့သည်။ ရေကန်ငယ် ၁၇၈ ကန်နှင့် ဆည်ငယ် ၈၀ တည်ဆောက်ခဲ့သည်။ လူထုသို့ ပျိုးပင် ၁၅ ဒသမ ၄ သန်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။ သဘာဝတောဧကေ ၄ သန်း ထိန်းသိမ်းပေးခဲ့သည်။ တောင်စဉ်တောင်တန်း ၁၃ တောင်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝတောကျန် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသီးသန့်ဖွဲ့စည်းခဲ့သည်။ အပူပိုင်းဒေသတွင် စိမ်းလန်းစိုပြည်သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ဖြစ်လာစေရန်နှင့် ဒေသခံပြည်သူများအတွက် အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်သာမက ရာသီဥတုမျှတကောင်းမွန်လာပြီး သဲကန္တာရဖြစ်ထွန်းမှုကို ကာကွယ်ရန် ရည်ရွယ်ချက်ထားရှိသည်။ အဓိကလုပ်ငန်းကြီးများမှာ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ဖြစ်ကြပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် နှစ် (၃၀) ဘက်စုံပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ထိ)ရေးဆွဲပြီး (၅)နှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းအပြင် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့် ပူးပေါင်းပြီး အမျိုးသားဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်သည်။ အပူပိုင်းဒေသရှိ တောင်စဉ်တောင်တန်း ၁၇ ခုကို ဖြည့်စွက်စိုက်ပျိုးခြင်းနှင့်သဘာဝတောကျန်များထိန်းသိမ်းခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ထင်ရှားသည့် စစ်ကိုင်းမင်းဝံတောင်၊ ကျောက်ဆည် ဝေဘူတောင်၊ ပခုက္ကူ တန့်ကြည်တောင်နှင့် ရှင်မတောင်၊ ညောင်ဦး တုရွင်းတောင်များသည် ယခုအခါ ဘုရားဖူးပြည်သူများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ကျေးငှက်သာရကာများ အေးချမ်းစွာ နားခိုနိုင်သည့် သစ်တောများဖုံးလွှမ်းသောနေရာများအဖြစ် မြင်တွေ့နိုင်ပြီ ဖြစ်ပါသည်။

အပူပိုင်းဒေသတွင် မြေဆီလွှာပြုန်းတီးခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် သဘာဝတောများ၏ ကြီးထွားဖြစ်ထွန်းမှုနှင့် သစ်တောစိုက်ခင်းများ၏ အောင်မြင်ရှင်သန်မှုတို့မှာ အကန့်အသတ်များရှိနေကြသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ယနေ့ထိ သစ်တောစိုက်ခင်းဧကေ သုံးသိန်းခန့် တည်ထောင်ခဲ့သည်။ ကန့်သတ်ချက်များကြောင့် ရှင်သန်ကြီးထွားမှုမှာ ကြိုးစားသလောက် မထိရောက်သေးသည်ကို တွေ့ရသည်။ အပူပိုင်းဒေသတွင် သစ်တစ်ပင်ဖြစ်ထွန်းရန် နှစ်ကာလကြာရှည်စွာ အချိန်ယူစောင့်ဆိုင်းရသော်လည်း ခုတ်ယူရန် အချိန်ပိုင်းသာကြာမြင့်ပါသည်။ အပူပိုင်းတောခြောက်များရှိ မျိုးဆက်သစ်အပင်ငယ်များစွာကို ထင်းအတွက် ခုတ်ယူစုဆောင်းခြင်းများတွေ့ရှိသည့်အခါ အရွယ်ရောက်ပြီး သစ်ပင်ကြီးတစ်ပင်အား ခုတ်လှဲသည်က ခံသာသည်ဟုယူဆမိသည်။ ကျေးရွာသုံးထင်းစိုက်ခင်းများကို စိုက်ပျိုးခဲ့ကြသည့် ကျေးရွာသားများအသုံးပြုရန် ပြန်လည်ခွဲဝေပေးနိုင်မှသာ တောပြုန်းသက်သာမည်ဖြစ်သည်။ အပူပိုင်းတောခြောက်များ၏ ဂေဟစနစ်များသည် ဒေသခံလူထုအတွက်သာမက နိုင်ငံတော်အတွက် အရေးပါသည့် သယံဇာတများဖြစ်ကြသည်။ ဥပမာအားဖြင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိ ဆေးခါးကြီးတောင်တွင် သဘာဝအလျောက်ပေါက်ရောက်နေသော ရှားပါးဆေးဘက်ဝင်အပင်များမှာ တိုင်းရင်းဆေးသမားတော်များအတွက် အလွန်တန်ဖိုးရှိကြောင်း သိရှိရသည်။ အပူပိုင်းတောခြောက်များ ရေရှည်တည်တံ့မှုအတွက် သစ်တောရေးရာဝန်ထမ်းများ၏ လုပ်ဆောင်မှုသာမက ဒေသခံပြည်သူများ၏ သစ်တောသစ်ပင်များအပေါ် မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လိုသည့် အသိစိတ်ဓာတ်များ တိုးတက်မြင့်မားလာရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းက ၂၀၁၂ မှ ၂၀၁၅ အထိ လူထုဟောပြောပွဲများပြုလုပ်ခြင်း၊ မူဝါဒဘောင်သတ်မှတ်ခြင်း၊ သိပ္ပံနည်းပညာနှင့် ဗဟုသုတ တိုးမြှင့်ရေးဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားရန် ကြိုးပမ်းခြင်းနှင့် ငွေကြေးနှင့် နည်းပညာများလွှဲပြောင်းပေးခြင်းတို့ကို ဦးစားပေးအစီအစဉ်များအဖြစ် ချမှတ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအနေဖြင့် ဖော်ပြပါလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်သွားရန် လိုအပ်သည်။

ယခုနှစ်မိုးရာသီတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနယ်မြေအပါအဝင် မြန်မာနိုင်ငံတစ်ဝန်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင် ၇၈ သန်း စိုက်ပျိုးမည်ဖြစ်သည်။ ရှင်သန်အောင်စိုက်ပျိုးမှုထက် ရေရှည်တည်တံ့အောင်ထိန်းသိမ်းမှုက ပို၍အရေးကြီးပါသည်။ အစိုဓာတ်မလုံလောက်မှုနှင့် မြေဆီအာဟာရနည်းပါးမှုတို့ကို ရင်ဆိုင်ကျော်လွှားလာခဲ့ကြရသည့် အပင်များအား လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူထားသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များနှင့် မဆင်မခြင် ရှို့မီးများကြောင့် ဆုံးရှုံးမှုမရှိစေရန် ဂရုပြုရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကျန်ရှိစေနိုင်ရန်နှင့် ပူပြင်းခြောက်သွေ့သည့်မြေများရှိ သစ်တောများ တည်တံ့စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကုန်တင်ယာဉ်များလိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်မရှိဘဲ တင်ဆောင်မောင်းနှင်ခြင်း မပြုရ။
(၂) ယာဉ်တွင် သတ်မှတ်ထားသည့် ကုန်တန်ချိန်ထက် ပို၍ တင်ဆောင်ခြင်း မပြုရ။
(၃) တင်ဆောင်နိုင်သော ကုန်တန်ချိန်ကို ယာဉ်၏ လက်ယာဘက်ဘေးတွင် မြင်သာနိုင်သည့်နေရာတွင် ရေးသားထားရမည်။
(၄) အန္တရာယ်မဖြစ်စေရန် ကုန်ပစ္စည်းတို့ကို ခိုင်မြဲစွာ တုပ်နှောင်ထားရမည်။
(၅) (၂)တန်နှင့်အထက်ယာဉ်များသည် ကုန်ပစ္စည်းတင်ဆောင်လျှင် လမ်းပေါ်မှ အမြင့် (၁၂)ပေထက် မပိုစေရ။
(၆) နောက်ပိတ်ဖွင့်မမောင်းနှင်ရ။
(၇) နိုင်ငံတော်အစိုးရမှ တားမြစ်ထားသောကုန်ပစ္စည်း မတင်ဆောင်ရ။
(၈) ကုန်ပစ္စည်းအတင်အချကို သတ်မှတ်ခွင့်ပြုထားသည့်နေရာများတွင် ပြုလုပ်ရမည်။ လမ်းပိတ်ဆို့မှုမဖြစ်စေရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် မြို့မဈေးတောင်ဘက်ရှိ ရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဈေးသူ၊ ဈေးသားများနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းစည်ပင် စားသောက်ဆိုင်များစစ်ဆေး

နတ်တလင်း ဇွန် ၁၆

ကျန်းမာသန့်ရှင်း လတ်ဆတ်သော အစားအသောက် တည်ခင်းရောင်းချရေးအတွက် နတ်တလင်းမြို့ပေါ်ရှိ စားသောက်ဆိုင်များအား စစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခိုင်ရွှေဝါနှင့်အဖွဲ့ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ မေ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

စည်းကမ်းမဲ့ ရပ်သည့်ကားများ ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် သတိပဋ္ဌာန်လမ်းကျယ်ကြီးနှင့် မဂ္ဂင်လမ်းသွယ်တို့၌ ကားပွဲစားများသည် ကားများကို လမ်းပေါ်တွင် စည်းကမ်းမဲ့စွာရပ်ထားခြင်း၊ လမ်းပေါ်တွင် တက်ရောက်၍ လုပ်ငန်းကိစ္စများ ပြောဆိုခြင်းတို့ကြောင့် လမ်းပိတ်ဆို့ခြင်း၊ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ခြင်းတို့ နေ့စဉ်ကြုံတွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းအတွင်းနေသူများ

စည်းကမ်းမဲ့ကျူးကျော်ဈေးရောင်းမှု အမြန်ရှင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် စကားစိမ်းလမ်းနှင့် သစ်တောလမ်းထောင့်ရှိ ကားလမ်းမပေါ်တွင် စည်းကမ်းမဲ့ကျူးကျော်ဈေးသည်များ ဈေးရောင်းချလျက်ရှိရာ ယာဉ်သွားလာမှုများ၊ လူနေအိမ်များ၏ လှေကားခွင်ဝင်၊ ထွက်ပေါက်များ၊ လမ်းသွားလမ်းလာများ လမ်းပိတ်ဆို့နေမှုကြောင့် ဈေးသည်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ/လမ်းသားများ

ကွမ်းသီးပုပ်ရည်နှံ့ဆောင်ရွက်ပြီးစီး

၁၅-၅-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်မှ ကွမ်းသီးပုပ်ရည်နှံ့ ပတ်ဝန်းကျင်ပျံ့နှံ့ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

ရပ်ကွက်အတွင်း ဆားချက်လုပ်ငန်း ဆောင်ရွက်ပြီးစီး

၂၈-၄-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မကွေးမြို့ ရန်မျိုးလုံ (၆)လမ်းမှ ရပ်ကွက်အတွင်း ဆားချက်လုပ်ငန်း ပြောင်းရွှေ့စေလိုပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုဝန်ကြီး ပိုလ်ချုပ်လှမင်းအား ယူကရိန်းသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မာကီးယန်းချချက်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇွန် ၁၆

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူး၊ ဌာန**
(က)	ဦးခင်မောင်ရီ အထွေထွေမန်နေဂျာ မြန်မာ့သစ်လုပ်ငန်း သစ်တောရေးရာဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့သစ်လုပ်ငန်း သစ်တောရေးရာဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်မင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာခိုင်မြဲ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ပါမောက္ခဒေါက်တာသန်းမောင် ဒုတိယပါမောက္ခချုပ်(သင်ကြား) တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Yunnan De Rui Feng Investment Co., Ltd. ဥက္ကဋ္ဌ Mr. Guan Yi နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ခဲမဖြူ အဖြိုက်နက်သတ္တုများ တူးဖော်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Yunnan De Rui Feng Investment Co., Ltd. ဥက္ကဋ္ဌ Mr. Guan Yi နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇွန် ၁၆

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဂုဏ်ထူးသုံးဘာသာနှင့်အောက် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ရန် ဌာနဆိုင်ရာအကြီးအကဲများထံ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ လွှဲပြောင်းပေးအပ်ပြီး ခြောက်ဘာသာဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက လေးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာသုံးဦး၊ ငါးဘာသာ ၁၂ ဦး၊ လေးဘာသာ ၁၈ ဦး၊ သုံးဘာသာ ၂၅ ဦး၊ နှစ်ဘာသာ ၂၅ ဦး၊ တစ်ဘာသာ ၇၂ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၅၂၆ ဦး စုစုပေါင်း ၆၈၁ ဦး အောင်မြင်ခဲ့ကြသည်။(သတင်းစဉ်)

ပြည်နယ်က အားထားရသည့် စာရင်းစစ်အဖွဲ့ဖြစ်အောင် ကြိုးစား ဘဏ္ဍာရေးကျင့်စဉ်နှင့်အညီ ပြည်နယ်တိုးတက်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုစာရင်းစစ်ချုပ်၏ မှာကြားချက် ရှင်းလင်းပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ခင်ခင်မျိုးက ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်သူလူထုဆန္ဒဖြင့် ခေတ်သစ် စနစ်သစ်ကို ဖော်ဆောင်လျက်ရှိကြောင်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးအနေဖြင့် ဘဏ္ဍာငွေထိန်းသိမ်းရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပြီး ပြည်နယ်က အားကိုးအားထားပြုရသည့် စာရင်းစစ်အဖွဲ့ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ မူဝါဒနှင့် လမ်းညွှန်ချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရန်နှင့် ဘဏ္ဍာရေးကျင့်စဉ်(၅)ရပ်နှင့်အညီ စနစ်တကျဆောင်ရွက်ပြီး ပြည်နယ်ကို အဘက်ဘက်မှ တိုးတက်အောင် ကူညီဆောင်ရွက်သွားကြရန် မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်ကမ်းနားလမ်းရှိ ဧရာဝတီဘဏ်လီမိတက်(မော်လမြိုင်ဘဏ်ခွဲ)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဧရာဝတီဘဏ်လီမိတက် (မော်လမြိုင်ဘဏ်ခွဲ)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘဏ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၁၆

ဒို့ကျေးရွာဂျာနယ် အတွဲ(၈) အမှတ်(၁၂)ကို ဇွန် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင်ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၂)ကြိမ်မြောက် စကြဒီသ နိုင်ငံတကာညီလာခံတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Sathira Dhammasathan ဗုဒ္ဓဘာသာဌာနကြီး၌ ဇွန် ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် စကြဒီသ နိုင်ငံတကာ ညီလာခံသို့ တက်ရောက်ရန် သီလရှင်ဆရာကြီး ဒေါ်ရူပသိဂီ ဦးဆောင်သော သီလရှင် ၁၀ ပါး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံမှ သီလရှင်ဆရာကြီး ဒေါ်စန်စဏီး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းကြီး(ဗဟို)၏ ကူညီမှုဖြင့် သွားရောက်ခြင်းဖြစ်သည်။ ယင်းညီလာခံကို အာရှတိုက်အတွင်း နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ ဗုဒ္ဓဘာသာဝင် သီလရှင်များ၊ ယောဂီ အမျိုးသမီးများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်လေ့ရှိသည်။ အဆိုပါညီလာခံကို ဗုဒ္ဓမြတ်စွာဘုရား၏ ဆိုဆုံးမမှုများနှင့် မေတ္တာတရားတော်များကို အများပြည်သူတို့ထံ ပြန့်ပွားစေရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို လည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များနှင့် အရိပ်ရလေကာပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၇၀၀ နှင့် အရိပ်ရလေကာပင် အပါအဝင် စုစုပေါင်း အပင် ၃၀၂၀ ကို စိုက်ပျိုးပေးကြသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပ စိုက်ပျိုးခဲ့ရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်အထိ ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်ပင်၊ နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၈၅၅၆ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးအောင်သန်းနှင့် တာဝန်ရှိသူများက အထိမ်းအမှတ်အုန်းပင်များကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀၊ ပိတောက် ၅၀၊ ရင်းမာ ၁၅၀၊ ကုက္ကို ၁၅၀၊ အုန်း ၃၀၀၊ ကွမ်းသီးပင် ၁၀၀၊ ငုရွှေ ၁၀၀၊ စိန်ပန်းကြီး ၁၅၀၊ စွယ်တော် ၁၀၀၊ တမာ ၁၅၀၊ ပန်းမဲဇလီ ၁၀၀၊ မဲဇလီ ၂၀၀၊ ယူကလစ် ၁၀၀၊ အော်ရီးရှား ၁၀၀၊ ကံ့ကော် ၅၀၊ စစ်ပင် ၇၅၊ မန်ကျည်း ၅၀၊ ရေတမာ ၇၅၊ ထန်း ၅၀ နှင့် စိန်တလုံး ၁၀၀ စုစုပေါင်းအပင် ၂၂၅၀ စိုက်ပျိုးခဲ့သည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၌ မွေးမြူပြသထားသော ကျားမ(ငွေခင်) ကျားငယ်နှစ်ကောင် ပေါက်ဖွား

နေပြည်တော် ဇွန် ၁၆

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် မွေးမြူပြသထားသော ကျားမ(ငွေခင်)သည် မေ ၁၂ ရက် ည ၇ နာရီနှင့် ၇ နာရီ ၄၅မိနစ်တို့တွင် ကျားငယ်လေးနှစ်ကောင် **(အောက်ယာပုံ)** ပေါက်ဖွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ကျားမ(ငွေခင်)သည် ယခင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ မွေးမြူပြသထားသော ကျားမဖြစ်ပြီး တိရစ္ဆာန်များ မျိုးဆက်ပြန့်ပွားရေးနှင့် သန်မာသော မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေး အစီအစဉ်အရ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပြောင်းရွှေ့ပို့ဆောင်ခဲ့ရာမှ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ရှိ ကျားထီး(ကျော်ဟိန်း)နှင့် သားစပ်၍ ယခုကဲ့သို့ ကျားငယ်လေးများ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း၊ ကျားများ၏ကိုယ်ဝန်ဆောင်ကာလမှာ ပုံမှန်အားဖြင့် ၁၀၃ ရက်မှ ရက် ၁၁၀ အကြားတွင်ဖြစ်ပြီး ယခု ကျားမ(ငွေခင်)၏ ကိုယ်ဝန်ဆောင် ရက်မှာ ၁၀၄ ရက်ဖြစ်ကြောင်း၊ ကျားငယ်လေးများသည် မိခင်နို့ရည် သောက်စို့ကာ ကျန်းမာရွှင်လန်းလျက်ရှိပြီး ဇွန် ၁၂ ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်ကြောင်းနှင့် တာဝန်ကျ တိရစ္ဆာန်ထိန်းများကလည်း နေ့/ည ဂရုပြုစောင့်ရှောက်လျက် ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် သဘာဝတောများအတွင်း အကြောင်းအမျိုးမျိုးကြောင့် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ်ဖြစ်ပေါ်လျက်ရှိရာ ရှားပါးတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် တိရစ္ဆာန်ဥယျာဉ်များမှ မျိုးစပ်သားဖောက်ပြန့်ပွားရေးကို မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "မဟာသမယသုတ်နှင့် မဟာအာဋာနာဋိယသုတ်"တရားတော် အောင်စကြာဆရာတော် အရှင်စန္ဒသီရိ
- ၆း၃၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၅)**
- ၈း၄၅ သာသနာအကျိုး ရွက်သယ်ပိုးကာ စံပြုထိုက်ရာ "သကျဓိတာ"
- ၉း၀၅ Activities In The City
- ၉း၁၅ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၏အငြိမ်းစားမြတ်ဆရာပူဇော်ပွဲ
- ၉း၃၅ Movie Talk
- ၁၀း၀၀ Activities In The City
- ၁၀း၁၅ MANHUNT 2011 (Part-2)
- ၁၀း၄၀ ဖက်ရှင်လမ်းညွှန်
- ၁၁း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ သာသနာ နုဂ္ဂဟဝေယျာဝစ္စ ဆန်လှူအသင်းကြီး၏စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ (မင်္ဂလာဒုံမြို့နယ်)
- ၁၂း၁၅ ရှေးမူမပျက် ဆင်ယင်နွဲ့ ရှင်ပြုအလှူမင်္ဂလာ
- ၁၂း၃၅ Mother's Day
- ၁း၀၀ "မဟာသမယသုတ်နှင့် မဟာအာဋာနာဋိယသုတ်"တရားတော် အောင်စကြာဆရာတော် အရှင်စန္ဒသီရိ
- ၁း၄၅ ကပ်လှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ဝယ်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၅)**
- ၅း၀၀ Activities In The City
- ၅း၂၀ ရှင်မင်း "လျှို့ဝှက်ချက်"တေးစီးရီး မိတ်ဆက်ပွဲအခမ်းအနား
- ၅း၃၀ MNL Preview
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အောင်မြင်မှုတို့ဖော်ညွှန်းရာ. . ချင်းတွင်း College မှာ. . .
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၈)**
- ၇း၂၅ The Champion of Dance
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ VJ Choice
- ၈း၅၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၆)**
- ၁၀း၂၀ ဂီတသရုပ်ပြခန်း
- ၁၀း၅၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၁၁း၀၀ World of Knowledge
- ၁၁း၅၀ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ်မန္တလေးမြို့က ကျောက်စာတော်စေတီတော်
- ၁၂း၀၀ ဖန်တီးသူနှင့်အနုပညာ
- ၁၂း၂၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၁၂း၄၅ စွဲမက်ဖွယ်ရာရတနာ
- ၁း၁၀ စက္ကူလွင့်လွင့် ပန်းယဉ်ယဉ်အလှဆင်စေချင်
- ၁း၂၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၁း၅၀ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ သုံးစွဲကြ. . . (အင်းလေး)
- ၂း၁၅ Shooting Location
- ၂း၄၀ လောကရဲ့ အလှရတနာ
- ၂း၅၅ ငှက်များစောင့်ကြည့်လေ့လာခြင်း
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား
- ၄း၁၅ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
- ၄း၂၅ စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃာ့ဆေးရုံ
- ၄း၄၅ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
- ၅း၀၀ အစီအစဉ်ပြီး

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✻ ရှေ့ဖုံးမှ

ကောက်စိုက်သမများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကာ တစ်ဦးချင်းဝင်ငွေနှင့် နေထိုင်မှုဘဝ လက်တွေ့မြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အတွင်းရှိ တောင်ယာများကို သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စနစ်တကျ ကောက်ကွက်ပြည့်မီအောင် သွယ်တန်းမြောင်းဖောက်လုပ် စိုက်ပျိုးခြင်းအားဖြင့် တောင်ယာများ၏ တစ်ဧက အထွက်နှုန်း တိုးတက်စေမည်ဖြစ်ကြောင်းဖြင့်လည်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော တောင်သူပညာပေး စိုက်ခင်းဧက ၃၀ ၌ ပြသထားသော လယ်ယာသုံးစက်ကိရိယာ၊ ကောက်ရိတ်စက်များ၊ ထွန်စက်များနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုလေ့လာကြသည်။

စပ်မျိုးနေကြာ

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စိုက်ပျိုးထားသော စပ်မျိုးနေကြာ-၁ စိုက်ခင်း ၅ ဧကသို့ ရောက်ရှိကြရာ တာဝန်ခံက စပ်မျိုးနေကြာ-၁ ၏ အားသာချက်များနှင့် တစ်ဧက အနည်းဆုံး တင်း ၅၀ ထွက်ရှိမှု၊ တစ်တင်းလျှင် နေကြာဆီ ၄ ပိဿာ ၅၀ သား ရရှိနိုင်မှု၊ တစ်ဧက ဆီပိဿာ ၂၂၀ အထက် ရရှိနိုင်မှုနှင့် အိမ်ထောင်စု ငါးစုအတွက် တစ်နှစ်စာ ဆီဖူလုံပိုလျှံမှုရှိပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ဖေယျာသီရိမြို့နယ်ရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော အထူးအထွက်တိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုးက အထူးစပါးအနေဖြင့် တစ်ဧက တင်း ၂၂၀ အထက် သေချာစွာထွက်နိုင်ပြီး တစ်နှံပါအောင်စေ့နှင့် အနှံပါပင်ပွားများ အရေအတွက်၊ တစ်ဧကကောက်ကွင် ဝင်ဆံ့မှုများကို တွက်ချက်ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆမှ သုံးဆအထိ တိုးတက်ရရှိနိုင်သဖြင့် မျိုးစေ့များ သုတေသနပြုလုပ်ကာ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ တစ်ဧကပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိမည့် တစ်ဆက်တစ်စပ်တည်း ကြံမျိုးသန့်မျိုးပွား စိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိကြရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက သိပ္ပံနည်းကျ ကြံစိုက်ပျိုးနည်းစနစ်နှင့် ကြံမျိုးသန့်မျိုးပွားများကို တိုးချဲ့အကောင်အထည်ဖော်၍ တောင်သူများ တွက်ခြေကိုက်ရေးအတွက် မျိုးဖြန့်ဝေမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပေါင်းစည်းလယ်ယာဧက ၃၀ စိုက်ကွင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျိုးသန့်ပညာပေးစိုက်ခင်းများနှင့် သုတေသနစိုက်ခင်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ (သတင်းစဉ်)

❑ကျောဖုံးမှ

ထို့နောက် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ယာယီ)မှ အဖွဲ့ဝင်များနှင့် ဟိုတယ်/ခရီး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိန်လှမြင့်တို့က မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း(ယာယီ) ဖွဲ့စည်းထားမှု၊ ဆောင်ရွက်ပြီးစီးမှု၊ အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြီးစီးမှုတို့ကို လည်းကောင်း၊ ဧည့်လမ်းညွှန်သင်တန်း သင်ရိုးညွှန်းတမ်းကို ASEAN Standard နှင့် အညီ ရေးဆွဲသတ်မှတ်ရေး၊ Guide License ထုတ်ပေးရာတွင် Guide အမျိုးအစား ခွဲခြားရေး၊ Guide License သက်တမ်းတိုးရာတွင် Refresher Course ပြုလုပ်ရေးနှင့် ယခု ဖွင့်လှစ်လျက်ရှိသော Guide သင်တန်းသင်ကြားရေးမှတ်စုများ ပြုစုမှုအခြေအနေတို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းအတွက် အသင်းမတည်ရန်ပုံငွေ ကျပ်သိန်း ၅၀ ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စိုက်ထုတ်မတည် ထုတ်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

◆ဥရောပမှ

အဆိုပါ ဥမင်ရထားလမ်းသည် ရှေးဟောင်းသစ်တောဒေသအတွင်း၌ တည်ရှိသည်။ သစ်ပင်များ လဲပြိုခြင်းကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာ မရရှိစေရန် ရည်ရွယ်လျက် ဥမင်ရထားလမ်းကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဥမင်ခေါင်မိုး မျက်နှာပြင်ပေါ်ရှိ ဆိုလာပြားများ ***(အောက်ပုံ)*** *သည် တစ်နှစ်လျှင် မဂ္ဂါဝပ် နာရီ ၃၃၀၀ ထုတ်လုပ်ပေးနိုင်မည်ဟု မျှော်လင့်ရကြောင်း ဘယ်လ်ဂျီယံ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ကုမ္ပဏီက ပြောကြားသည်။*

ဥမင်ရထားလမ်းတွင် နေရောင်ခြည်စွမ်းအင်သုံးစွဲခြင်းဖြင့် နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု တန်ချိန် ၂၄၀၀ ခန့်ကို လျှော့ချပေးနိုင်မည် ဖြစ်သည်။ ***အင်တာနက်။***

ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်မည့် ဗဟုသုတ၊ ခံယူချက်နှင့် စွမ်းရည်များ ပိုမိုတိုးတက်အောင် ကျန်းမာရေးဝန်ထမ်းတိုင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများ၊ သဘာဝဘေးဖြစ်ပွားမှုများ၊ အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများနှင့် ပြန်လည်ခေါင်းထောင်လာသော ရောဂါများ (Emerging and Reemerging Diseases) ဖြစ်ပွားလာမှုများ၊ ကူးစက်ရောဂါ၊ ကပ်ရောဂါ အသွင်ဖြစ်ပွားမှုများ စသည်ဖြင့် နေရာအသီးသီးတွင် ဖြစ်ပွားမှုများပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းတိုင်းသည် ဤသို့ ပြောင်းလဲမှုများနှင့်အညီ ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်မည့် ဗဟုသုတ၊ ခံယူချက်နှင့် လုပ်ငန်းစွမ်းရည်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်များအတွင်းတွင် ဆားစ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ စသည့်ရောဂါအသစ်များ ဖြစ်ပွားလာမှုများကို အခြားနိုင်ငံများနည်းတူ ရင်ဆိုင်တွေ့ကြုံခဲ့ရကြောင်း၊ ဤသို့ ဖြစ်ပွားမှုများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည့် အတွေ့အကြုံများ အထိုက်အလျောက် ရရှိပြီးဖြစ်ကြောင်း၊ ဤအတွေ့အကြုံများမှ သင်ခန်းစာရယူခဲ့ရာ ခေါင်းဆောင်မှုအရည်အချင်း၊ နည်းပညာနှင့် တတ်ကျွမ်းနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အချင်းပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်တို့သည် အလွန်အရေးကြီးသော အင်အားစုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကြောင့် ရောဂါအသစ် ဖြစ်ပေါ်မှုများကို အောင်မြင်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အရေးအကြီးဆုံးဖြစ်သည့် အရည်အချင်းပြည့်ဝသည့် ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းအတွက် စွမ်းရည်မြှင့်တင်ခြင်းသင်တန်း Field Epidemiology Training Programme (FETP) သင်တန်းများကို ဆရာဝန်များ၊ကျန်းမာရေးမှူးများအား သင်တန်းပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ သင်တန်းများပေးခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် Field Epidemiology Training Programme(FETP) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သင်တန်းပြီးဆုံးလျှင် သင်တန်းသားများသည် သင်တန်းရည်ရွယ်ချက်အလိုက် ကူးစက်ရောဂါများဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာတွင် စနစ်တကျ ကျွမ်းကျင်စွာ တတ်မြောက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်တန်းပို့ချချက်များအားလုံးကို ကြိုးစားလေ့လာမှတ်သား၍ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနရှိ ဘက်စုံ သင်တန်းကျောင်း၌ ဖွင့်လှစ်သည့် Field Epidemiology Training Programme(FETP) သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ဆေးဝါးထိန်းချုပ်မှုဌာန (Drug Control Section)ရှိ ဆေးဝါးဓာတ်ခွဲစစ်ဆေးရေးဌာန(Pharmaceutral Chemistry) နှင့် အစားအသောက်နှင့် ရေဓာတ်ခွဲစစ်ဆေးရေးဌာန (Food and Water Lab)တို့ကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနရှိ Media Room, Bacteriology Room, Virology Room သင်တန်းခန်းမများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ခုတင်(၂၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီး၌ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံပြီး ဆေးရုံကြီး သံကူကွန်ကရစ် နှစ်ထပ်ဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်၊ ဆေးရုံကြီးရှိ အမျိုးသား၊ အမျိုးသမီးလူနာကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနနှင့် အရေးပေါ်လူနာဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြင်းမူမြို့နယ်ပြည်သူ့ဆေးရုံ၊ ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံနှင့် ခတက္ကန် ကျေးလက်ကျန်းမာရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခတက္ကန်ကျေးလက်ကျန်းမာရေးဌာန၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေကြသည့် ကျန်းမာရေးမှူးနှင့် သားဖွားဆရာမများအား တွေ့ဆုံအားပေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်-ပဲခူးလမ်းပေါ် ယာဉ်သုံးစီးဆင့်တိုက် တိမ်းမှောက်

ရန်ကုန် ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ညောင်အင်းလမ်းဆုံအနီး မိုင်တိုင်အမှတ်(၄၃/၂) လမ်းလယ်ကျွန်းအမှတ် (၈၅)အနီး၌ မေ ၂၈ ရက် ညနေ ၃ နာရီ ၂၅ မိနစ်ခန့်က ယာဉ်သုံးစီးဆင့်တိုက် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခြောက်လသားအရွယ်ကလေးငယ်တစ်ဦးသေဆုံးပြီး ခရီးသည်များ ဒဏ်ရာအသီးသီး ရရှိခဲ့သည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ရန်ကုန်မှ ပဲခူးသို့ ယာဉ်မောင်း ကုလား(ခ)သက်နိုင် မောင်းနှင်လာသော အမှတ်(၅) ညောင်လေးပင်-ရန်ကုန် အပြာရောင်ဟိုင်းလတ်ယာဉ်အား ဟန်မင်းထွန်း မောင်းနှင်လာသော Nissan အဖြူရောင် ဒီဇယ်ဘောက်ဆာက နောက်မှ ဝင်တိုက်မိသောကြောင့် ဟိုင်းလတ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ မိုးမိုးအောင် လေထိုးကျွတ်ဖာဆိုင်ရှေ့ မြေသားလမ်း၌ ရပ်ထားသော ၅ခ/Nissan ဒီဇယ်၊ အပြာရောင်၊ ဝဲဘက်နောက်ဘီးအခြမ်းကို တိုက်မိပြီး ဟိုင်းလတ်ယာဉ်မှာ ကားလမ်းပေါ်သို့ လည်ထွက်သွားစဉ် ကားနောက်မှပါလာသော ဘောက်ဆာယာဉ်မှာ ဟိုင်းလတ်အား တိမ်းရှောင်ရာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း အမှတ်(၈၅) ပေါ်သို့ တက်ရောက်ကာ ယာဉ်တိမ်းမှောက်သွားခဲ့ခြင်း ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ၁၀ ဦး ဒဏ်ရာရရှိပြီး ကလေးငယ်တစ်ဦး ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ယင်းကဲ့သို့ ယာဉ်အား မဆင်မခြင် မောင်းနှင်သေဆုံးခဲ့သည်အထိ ဖြစ်ပွားခဲ့ခြင်းကြောင့် ယာဉ်မောင်းများအား တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ (ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တောင်ကုတ်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကျိုက္ကမီမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ မောင်တောမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၃ ဒသမ ၇၀ လက်မစီ၊ ပေါင်မြို့တွင် ၃ ဒသမ ၆၀ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ပလက်ဝမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၃ ဒသမ ၅၀ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်တွင်းအားကစားသတင်းများ

မာတင်၏ဂိုးများဖြင့် ရက္ခပူရ ကွာတားတက်

ရန်ကုန် ဇွန် ၁၆

MFF Max Cement Cup 2011 ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်အဖြစ် ရက္ခပူရယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက်တို့သည် ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကြရာ ရက္ခပူရယူနိုက်တက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ရက္ခပူရယူနိုက်တက်-နှစ်ဂိုး
(မာတင်)
ဇွဲကပင်ယူနိုက်တက်-တစ်ဂိုး
(အောင်ဇော်လတ်)

MNL အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ရက္ခပူရအသင်းမှာ ယခု ရှုံး/ထွက်ပြိုင်ပွဲတွင် အကောင်းဆုံးပုံစံ မရခဲ့ဘဲ အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။ ၁၄ မိနစ်တွင် မာတင်၏ဂိုးဖြင့် ရက္ခပူရအသင်းမှာ ဦးဆောင်နိုင်ခဲ့ပြီး ငါးမိနစ်အကြာတွင် ဒုတိယဂိုး ထပ်မံရရှိမည့် အခွင့်အရေးရသော်လည်း ညွန့်ဝင်း ပယ်နယ်တီကို ဝင်အောင် မသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ရက္ခပူရအသင်း ကစားအားကျသွား၍ ဇွဲကပင်အသင်း ပြန်ဖိကစားလာနိုင်ပြီး ၆၃ မိနစ်တွင် အောင်ဇော်လတ်က ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ သရေဖြစ်သွား၍ ရက္ခပူရအသင်း တိုက်စစ်အား မြှင့်တင်လာပြီး အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် မာတင်ကပင် သွင်းယူပေးခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များ

၁၇-၈-၂၀၁၁
ကာကွယ်ရေး - နေပြည်တော်
(သုဝဏ္ဏကွင်း)

၁၇-၈-၂၀၁၁
ဧရာဝတီယူနိုက်တက် - ရန်ကုန်ယူနိုက်တက်
(အောင်ဆန်းကွင်း)

၂၄-၈-၂၀၁၁
မနောမြေ - ဇေယျာရွှေမြေ
(သုဝဏ္ဏကွင်း)

၂၄-၈-၂၀၁၁
မကွေး - ရက္ခပူရယူနိုက်တက်
(အောင်ဆန်းကွင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရက္ခပူရအသင်းနှင့် ဇွဲကပင်အသင်းတို့ အကြိတ်အနယ်။

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း မလေးရှားနိုင်ငံ၌ ဇွန် ၁၈ ရက်တွင် မလေးရှားလက်ရွေးစင်ဘောလုံးအသင်းနှင့် ခြေစမ်းပွဲကစားရန် ဇွန် ၁၆ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

အိုလံပစ်နေ့အထိမ်းအမှတ် အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ အိုလံပစ်နေ့အထိမ်းအမှတ် အမြန်ရွှေ့စစ်တုရင် (Rapid Chess Tournament) ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စတင်ကျင်းပရာ အမြန်ရွှေ့စစ်တုရင် အားကစားမယ် သုံးဦး အပါအဝင် အားကစားသမား ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမြန်ရွှေ့စစ်တုရင်အားကစားသမားများ ရမှတ်ပေါင်း တူညီနေပါက Bucholz System၊ Medium of Bucholz နှင့် Sonnenbrn Berger System ဖြင့် ဆုံးဖြတ်ကာ ဆုများချီးမြှင့်မည်ဖြစ်သည်။

ယင်းအမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ထူးချွန်ထက်မြက်သော အမြန်ရွှေ့စစ်တုရင် အားကစားမောင်မယ်တို့အား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ရွေးချယ်ပြီး အပြည်ပြည်ဆိုင်ရာ အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေရန် အစီအစဉ်များ ပြုလုပ်ထားသည်။

(သတင်းစဉ်)

စင်ကာပူ ရှုံး/ထွက် ဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် ဥဿာယူနိုက်တက်အသင်း ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် စင်ကာပူ ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကိုယ်စားပြု ဥဿာယူနိုက်တက် အသင်းသည် ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဥဿာယူနိုက်တက် အသင်းတွင် အုပ်ချုပ်သူ ဦးထွန်းထွန်းလင်း၊ နည်းပြချုပ် မစ္စတာ ဆီဗာဂျီ၊ လက်ထောက်နည်းပြ ဦးဝင်းတင်နှင့် ဦးဌေးထွန်း၊ ဂိုးနည်းပြ ဦးအောင်သက်၊ အားကစားသမားများအဖြစ် ဂိုး-ဒီဂျာနယ်၊ ဟိန်းကျော်သူ၊ ကိုကိုနိုင်၊ နောက်တန်း-နီမောင်မောင်အောင်၊ ညီညီအောင်၊ အောင်ဖြိုးမြင့်၊ မာစီယို၊ ကျော်စိုးလွင်၊ သိန်းဇော်စိုး၊ ရဲလင်းနိုင်၊ အလယ်တန်း- နိုင်နိုင်လင်း၊ အောင်မိုး၊ ဂျူနီယာ၊ မြင့်နိုင်၊ လှထွန်းအောင်၊ ချစ်ကိုကို၊ ရှိုင်းထက်ဇော်၊ ရှေ့တန်း- လစ်ပီလစ်ပီတို့ ပါဝင်ကြသည်။**(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို အိမ်ရှင်စင်ကာပူနိုင်ငံမှ ကလပ် ၁၁ သင်း၊ ဩစတြေးလျကလပ် ဆောက်မဲလ်ဘုန်းအသင်း၊ မြန်မာကလပ် ဥဿာယူနိုက်တက်အသင်း၊ ထိုင်းကလပ် ပတ္တရားယူနိုက်တက်အသင်း၊ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ကရောင်းအသင်းနှင့် မလေးရှားကလပ် Young Tiger အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဥဿာယူနိုက်တက် အသင်းသည် ၂၀၁၀ MFF Cup ရှုံး/ထွက် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ပထမအဆင့်အဖြစ် ဇွန် ၁၇ ရက်တွင် ဥဿာယူနိုက်တက် (မြန်မာ)နှင့် ပတ္တရားယူနိုက်တက် (ထိုင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ AFC လူငယ်ဘောလုံးပြိုင်ပွဲများ အစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးပြိုင်ပွဲများကျင်းပရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန် ဇွန် ၁၆ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်၏ လူငယ်ဘောလုံးပြိုင်ပွဲများ ကျင်းပရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသူဖြစ်သည်။ (ကြေးမုံ)

နိုင်ငံတကာအားကစားသတင်းများ

ကွန်ကာကပ်ဖ်ရွှေဖလား အုပ်စုပွဲစဉ်များ ပြီးဆုံး

နယူးယောက် ဇွန် ၁၆

ဇွန် ၅ရက်မှ ၂၅ရက်အထိ အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(A)တွင် မက္ကဆီကိုက သုံးပွဲလုံး အနိုင်ရကာ ကိုးမှတ်ဖြင့် အုပ်စုဗိုလ်၊ ကော့စတာရီကာက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် ဒုတိယ၊ အယ်လ်ဆာဗေးဒိုးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိပြီး အကောင်းဆုံးတတိယဖြင့် အုပ်စုကို ကျော်နိုင်ခဲ့သည်။ အုပ်စု(B)တွင် ဂျမေကာက သုံးပွဲနိုင်ကိုးမှတ်ဖြင့် ပထမ၊ ဂွါတီမာလာက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးလေးမှတ်ဖြင့် ဒုတိယ၊ ဟွန်ဒူးရပ်စ်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အကောင်းဆုံး တတိယရကာ ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့သည်။ အုပ်စု(C)တွင် ပနားမားက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ပထမ၊ အိမ်ရှင် အမေရိကန်က နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယရကာ နောက်တစ်ဆင့်တက်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇွန် ၁၈ ရက် (စနေနေ့)တွင် ကော့စတာရီကာနှင့် ဟွန်ဒူးရပ်စ်၊ မက္ကဆီကိုနှင့် ဂွါတီမာလာ၊ ဇွန် ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ဂျမေကာနှင့် အမေရိကန်၊ ပနားမားနှင့် အယ်လ်ဆာဗေးဒိုးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် မက္ကဆီကိုအသင်းမှ တိုက်စစ်မှူး ဟာနန်ဒက်ဇ်မှာ ငါးဂိုးသွင်းပြီး ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်လျက်ရှိနေသည်။ *ESPN*။

မက္ကဆီကိုအတွက် ငါးဂိုးသွင်းပေးထားသည့် ဟာနန်ဒက်ဇ်။

ချယ်လ်ဆီးအသင်း မော့ဒရစ်ကို ပေါင် ၂၅ သန်းဖြင့် ထပ်မံကမ်းလှမ်းမည်

လန်ဒန် ဇွန် ၁၆

ချယ်လ်ဆီးအသင်းသည် စပါးအသင်းမှ ကွင်းလယ်ကစားသမား လူကာမော့ဒရစ်ကို ပေါင် ၂၂ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ စပါးအသင်းက ပယ်ချလိုက်ပြီး ပေါင် ၂၂ သန်းအထက် ရလိုသည်ဟု ပြောကြားလိုက်သည်။

သို့သော် ချယ်လ်ဆီးအနေဖြင့် လူကာမော့ဒရစ်ကိုခေါ်ယူရန် ကြိုးပမ်းမှုကို လက်မလျှော့ဘဲ ပေါင် ၂၅ သန်းပေး၍ ထပ်မံကမ်းလှမ်းမည်ဟုဆိုသည်။ လူကာမော့ဒရစ်သည် ၂၀၀၈ ခုနှစ်က ဒိုင်နမိုဇာဂရက် အသင်းမှ ပေါင် ၁၆ သန်းဖြင့် စပါးအသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ စပါးအတွက် ပွဲပေါင်း ၁၂၀ ကစားပေးထားသည့် အဆိုပါ ခရိုအေးရှားသားသည် အသင်းမှထွက်ခွာရန် ပြင်ဆင်နေသူဖြစ်ပြီး ၎င်းကို မန်ယူအသင်းကလည်း စိတ်ဝင်စားလျက်ရှိနေသည်။ ယခုနှစ်နွေရာသီတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် ပေါင် ၈၂ သန်းထိ အသုံးပြုခွင့်ရရှိထားသည့် မန်ယူသည် ချယ်လ်ဆီးနှင့်အပြိုင် မော့ဒရစ်ကို ခေါ်ယူရန် ကြိုးပမ်းလာနိုင်ခြင်းကြောင့် ချယ်လ်ဆီးသူဌေး အေဗရာမိုဗစ်ချ်က လက်ဦးမှုရယူနိုင်ရန် ပြင်ဆင်လာခြင်းဖြစ်သည်။ မိုဗစ်ချ်က မိမိတို့အနေဖြင့် ယခုနွေရာသီတွင် ပထမဦးဆုံးခေါ်ယူမည့် ကစားသမားမှာ လူကာမော့ဒရစ်ဖြစ်စေရမည်ဟုဆိုထားခြင်းကြောင့် ချယ်လ်ဆီး၊ စပါးနှင့် လူကာမော့ဒရစ်တို့၏ အပြောင်းအရွှေ့ဇာတ်လမ်းကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

The Sun။

ဟန်သစ်

စပါးကွင်းလယ်ကစားသမား လူကာမော့ဒရစ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၆။ အကပြိုင်ပွဲ
၈း၂၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၄၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၈။ "ဘူမိအပူသုံးစွမ်းအင်များ" (အပိုင်း-၁)
၅း၂၅ ၉။ "အရေးကြီးလို့ပါ"
၅း၃၅ ၁၀။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၂)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လှုပ်တစ်ပြက်ဟာသများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၆)**
၂၀။ သီချင်းချစ်သူ (အထူးအစီအစဉ် -၃)
၂၁။ အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဧည့်လမ်းညွှန်တစ်ယောက်၏ အပြုအမူကြောင့် နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာထိခိုက်နိုင်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ရာတွင်လည်း တိုက်ရိုက်ထိရောက်အောင် ဆောင်ရွက်နိုင်

နေပြည်တော် ဇွန် ၁၆

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍသည် အဓိကအရေးပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိ လည်ပတ်ကြသည့် နိုင်ငံခြားသားဧည့်သည်များအား စတင်ရောက်ရှိသည့်အချိန်မှ ပြန်လည်ထွက်ခွာသည့်အချိန်ထိ ခရီးစဉ် အစ/အဆုံးကို ဧည့်လမ်းညွှန်များက အနီးကပ်လိုက်ပါ ပို့ဆောင်ကြရကြောင်း၊ ဧည့်သည်၏ ခရီးစဉ်အပေါ် စိတ်ချမ်းသာမှု၊ လုံခြုံမှု၊ အဆင်မပြေမှုများသည် ဧည့်လမ်းညွှန်အပေါ်တွင် အဓိကမူတည်နေကြောင်း၊ ဧည့်လမ်းညွှန်တစ်ယောက်၏ မသင့်လျော်သော အပြုအမူကြောင့် မိမိနိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းနိုင်သကဲ့သို့ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ရာတွင်လည်း တိုက်ရိုက်ထိရောက်မှုရှိအောင် ဆောင်ရွက်နိုင်သူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ဧည့်လမ်းညွှန်များ၏ အရေးပါသော အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ ဧည့်လမ်းညွှန်အသင်းဖွဲ့စည်းရေးကို ဦးဆောင်စီစဉ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ယာယီ)မှ အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေး ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များ အသင်း(ယာယီ)မှ အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၆-၂၀၁၁

တောင်ကုတ်	၄ ဒသမ ၄၉ လက်မ
မြောက်ဦး	၄ ဒသမ ၂၉ လက်မ
ကျိုက္ခမီ	၄ ဒသမ ၀၆ လက်မ
မောင်တော	၃ ဒသမ ၇၀ လက်မ

အင်တာနက်စွမ်းအင်နည်းပညာသတင်း

ဘာသာပြန် - စံစံ

ဥရောပ၏ ပထမဆုံးသော နေစွမ်းအင်သုံး ရထားဥမင်လမ်း၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်

ဘရပ်ဆယ်လ် ဇွန် ၁၆

ဥရောပ၏ ပထမဆုံးသော နေရောင်ခြည်စွမ်းအင်သုံး မီးရထားဥမင်လမ်းသည် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် စံနမူနာပြသနိုင်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တို့ကို ဆက်သွယ်သော နိုင်ငံတကာ အမြန်ရထားလိုင်း၌ နေရောင်ခြည်စွမ်းအင်ကို လွှန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ အသုံးပြုလျက်ရှိသည်။

အဆိုပါ အမြန်ရထားလိုင်းရှိ ဥမင်လမ်းတစ်လမ်း၌ နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ပေးသော ဆိုလာပြားများကို တပ်ဆင်ထားသည်။

ဘယ်လ်ဂျီယံနိုင်ငံ မြောက်ပိုင်း အန့်ဝပ်မြို့ရှိ အဆိုပါ ဥမင်လမ်းမှာ ၂ ဒသမ ၁ မိုင်အရှည်ရှိပြီး ဥမင်လိုဏ်ခေါင်း အမိုးပေါ်တွင် စတုရန်းမီတာ ၅၀၀၀၀ အကျယ်အဝန်းရှိ ဆိုလာပြား ၁၆၀၀၀ ကို တပ်ဆင်ထားသည်။ ယင်းအကျယ်အဝန်းမှာ ဘောလုံးကွင်း ရှစ်ကွင်းစာမျှ ဖြစ်သည်။

ပြည်နယ်မြို့တော် အန့်ဝပ်မြို့၏ ဘူတာကြီးကိုလည်းကောင်း၊ အမြန်ရထားများနှင့် ရိုးရိုးရထားများကို လည်းကောင်း လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးရန်လိုအပ်သော စွမ်းအင်ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို နေရောင်ခြည်စွမ်းအင်မှ ထောက်ပံ့ပေးနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ◆